# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 5 , 2024 Volume 76, Number 3

၅.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၂၀ US$ |
| မြန်မာ့ရွှေဈေး | = ၃၉၆၀၀၀၀ |
| ဒေါ်လာဈေး | = ၃၆၂၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၉.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၃၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၅၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ အစည်းအဝေးကျင်းပ




၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့၊ ၁၄:၀၀ နာရီအချိန်တွင် ရုံးအမှတ် (၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ-၂ ၌ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ ၁/၂၀၂၄ ကြိမ်မြောက် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ရာ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန ၂၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားပို့ကုန် မဟာဗျူဟာကို ၂၀၁၃ ခုနှစ်မှ စတင်ရေး ဆွဲခဲ့ပြီး ၂၀၁၅-၂၀၁၉ (၅) နှစ်တာကာလအတွက် ကဏ္ဍ (၁၁) ခုကို ရွေးချယ်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အဖြစ် ၂၀၂၀-၂၀၂၅ ကာလ အတွက် ကဏ္ဍ (၁၈)ခုကို ရွေးချယ်အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် ကဏ္ဍအလိုက် အသေးစိတ်လုပ်ငန်းစီမံချက်များနှင့် ပင်မလုပ်ငန်းစီမံချက်ကို ရေးဆွဲပြီးဖြစ်၍ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတို့ကလည်း အတည်ပြုပြီးဖြစ်ပါကြောင်း၊ မဟာဗျူဟာ အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရ-

ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီနှင့် အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဖွဲ့စည်းပေးပြီးဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည် ဖော်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချမှတ်ထားသည့် စီးပွားရေးဦးတည်ချက်များကိုအခြေခံကာ ကာလတိုအတွင်း ရလဒ်ထွက်ပေါ်နိုင်စေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့များအနေဖြင့် သက်ဆိုင်ရာဌာနချင်း နီးကပ်စွာပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အမျိုးသားပို့ကုန်မဟာဗျူဟာ ပထမအဆင့် ၂၀၁၅-၂၀၁၉ တွင် ကဏ္ဍ (၁၁)ခု အတွက် ၆၉ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း၊ ယခုဒုတိယအဆင့် ၂၀၂၀-၂၀၂၅ တွင် ကဏ္ဍ (၁၈)ခု ရွေးချယ်ထားရှိပြီး ရာနှုန်းပြည့်အကောင်အထည် ဖော်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်အောင်မြင်ရေးအတွက် ပိုမို ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်လာစေရန်အတွက် ပိုမိုလုပ်ဆောင် ကြရန်လိုအပ်ကြောင်း၊ ကော်မတီ၏လုပ်ငန်းတာဝန်များအတိုင်း အဖွဲ့ဝင်များက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားစေ လိုကြောင်း၊ ဌာနများက လက်ရှိအကောင်အထည်ဖော်နေသည့် ဦးစားပေးလုပ်ငန်းများနှင့်ချိတ်ဆက်ပြီး ရေတိုအကျိုးရလဒ် ဖြစ်ထွန်းမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်သွားစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီတွဲဖက်အတွင်းရေးမှူး-၁ ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက အမျိုးသားပို့ကုန်မဟာဗျူဟာ ဖွဲ့စည်းဆောင်ရွက်မှုနှင့်ကဏ္ဍအလိုက် အကောင်အထည်ဖော်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီ ကော်မတီအဖွဲ့ဝင်များနှင့် အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍ အလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေး တင်ပြရာ တင်ပြမှုများအပေါ် ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကဖြည့်စွက်ဆွေးနွေးပြီး လမ်းညွှန်မှာကြား ခဲ့သည်။

**Source: commerce.gov.mm**

## ဆီထွက်သီးနှံဆိုင်ရာ လက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကျင်းပ




၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ "ဆီထွက်သီးနှံစိုက်ပျိုးသည်မှ ဝယ်ယူသိုလှောင်သည်အထိ တောင်သူ၊ ကုန်သည်နှင့် လုပ်ငန်း ရှင်များလိုက်နာရမည့် အချက်အလက်များ" လက်စွဲစာအုပ် ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် ဌာနဆိုင်ရာအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အခြားဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ပညာရှင်များ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ၊ ဦးဆန်းလင်းနှင့် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ နေပြည်တော်ကောင်စီနယ်

မြေမှ နေပြည်တော်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင်များ၊ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်း အသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့က အဖွင့်အမှာ စကားပြောကြားခဲ့သည်။ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဆီထွက်သီးနှံလက်စွဲစာအုပ်ပေးအပ်ပွဲ၊ သုတေသနစာတမ်းဖတ်ပွဲနှင့် ပညာပေးဟောပြောပွဲ ကျင်းပရသည့်အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ အဆိုပါလက်စွဲစာအုပ်များကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များအား ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရှိ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဆီသုံးစွဲမှုများလေ့လာခြင်းစာတမ်း၊ မြန်မာနိုင်ငံ၏ လူတစ်ဦးချင်း ဆီစာသုံးမှုအခြေအနေ သုတေသနတွေ့ရှိချက်အား ဖတ်ကြားရှင်းလင်းခြင်းများဆောင်ရွက်ခဲ့သည်။ နေ့လယ်ပိုင်းတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်တစ်ဦးကလည်းကောင်း၊ စားသုံးဆီကြိတ်ခွဲထုတ်လုပ်မှုအခြေအနေအား လေ့လာတင်ပြ ခြင်းနှင့် ခေတ်မီဆီကြိတ်ခွဲစက်များ၏ ဆောင်ရွက်နိုင်မှုအခြေအနေအား ရှင်းလင်းဆွေးနွေးခြင်းကို မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကလည်းကောင်း၊ စားသုံးဆီများနှင့်ဆီအရည်အသွေးကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကလည်းကောင်း "စားသုံးဆီနှင့် စားသုံးသူအခွင့်အရေး" အကြောင်းကို စားသုံးသူရေးရာဦးစီးဌာနကလည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးမှုများအပေါ် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်း၍ ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

**Source: commerce.gov.mm**

## ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ပျားရည်မက်ထရစ်တန်ချိန် ၁၇၀၀ ကျော် တင်ပို့နိုင်ခဲ့



ယခုဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလကုန်အထိ ၁၀ လတာကာလအတွင်း ပြည် တွင်းမှထွက်ရှိသော ပျားရည်မက်ထရစ်တန်ချိန် ၁၇၀၀ ကျော်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် စုစုပေါင်း ပျားရည်မက်ထရစ်တန်ချိန် ၄၀၀၀ ကျော်ထွက်ရှိပြီး အဆိုပါပျားရည်ထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့လျက်ရှိကာ ကျန် ၄၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း၌စားသုံးခြင်းနှင့် ဆေးဝါးထုတ်လုပ်ငန်းများတွင် အသုံးပြုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပနိုင်ငံတွေကို စုစုပေါင်းပျားရည် မက်ထရစ်တန်ချိန် ၁၇၂၆ ဒသမ ၄၂ တန် တင်ပို့နိုင်ခဲ့ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန် ဒေါ်လာ ၂ ဒသမ ၅၈၉ သန်း ရရှိခဲ့ပါတယ်။ ပြည်ပကို ပျားရည်အများဆုံးတင်ပို့တဲ့ လတွေကတော့ နိုဝင်ဘာလ၊ ဒီဇင်ဘာလနဲ့ ဇန်နဝါရီလ သုံးလဖြစ်ပါတယ်။ ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေကို အဓိကတင်ပို့ပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်က ပြောသည်။

ပြည်တွင်း၌ ပျားရည်ကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အများဆုံးထွက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်

စသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှလည်း ပျားရည်များထွက်ရှိကြောင်း၊ ပြည်တွင်းမှထွက်ရှိသော ပျားရည်အမျိုးအစားများတွင် နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ ဆီးပျားရည်၊ လိုက်ချီး၏ပျားရည်များပါဝင်ပြီး တစ်နိုင်ငံလုံးတွင် စုစုပေါင်း ပျားမွေးမြူသူဦးရေ ၉၀၀ ခန့်ရှိကာ ပျားအုံပေါင်း နှစ်သိန်းဝန်းကျင်ရှိကြောင်း သိရသည်။

**Source: https://www.myawady.net.mm**

**Myantrade.gov.mm**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးနှင့် ပြည်ပပို့ကုန်သီဟိုဠ်ဈေးကွက်အခြေအနေ



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်မှာ ရာသီသီးနှံအဖြစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး မတ်လပိုင်းဆိုလျှင် သီဟိုဠ်လှိုင်လှိုင်ပေါ်မည်ဖြစ်ကြောင်း၊ သီဟိုဠ်ရာသီမှာ မိုးမရွာခင်အချိန်အထိ ဈေးကွက်၌ အရောင်းအဝယ်ဖြစ်၍ မေလ၊ ဇွန်လများတွင် မိုးဖြိုင်ဖြိုင်ရွာသွန်းပါက ဈေးကွက်တွင် အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီပြီးဆုံးသွားကြောင်း၊ ယခင်နှစ်သီဟိုဠ်ကုန်ကြမ်း ၁ပိဿာလျှင် ကျပ် ၄၂,၀၀၀ ဈေးနှုန်းရှိပြီး ယခုနှစ်တွင် သီဟိုဠ် ၁ ပိဿာလျှင် ကျပ် (၄၈၀၀၀/၅၀၀၀၀) ဈေးနှုန်းရရှိသည့်အတွက် ယခင်နှစ်ထက် ၁ ပိဿာလျှင် ကျပ် (၆၀၀/၈၀၀) ဈေးနှုန်းပိုမိုရရှိပြီး သီဟိုဠ်တောင်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း ပုသိမ်မြို့၊ သရဖူသီဟိုဠ်အဝယ်ဒိုင်မှသိရသည်။

တိုင်းဒေသကြီးအတွင်း ပြည်တွင်း/ပြည်ပဈေးကွက်ဝင် နှစ်ရှည်သီးနှံသီဟိုဠ်စိုက်ဧက (၆၅,၉၃၃) ရှိပြီး ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်နှင့် မြောင်းမြခရိုင်တို့တွင် အများဆုံးစိုက်ပျိုးလျက် လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့တွင်လည်း စိုက်ပျိုးမှုရှိကြောင်း၊ သီဟိုဠ်ကို မြေအမျိုးအစားမရွေးစိုက်ပျိုးနိုင်ပြီး ၎င်းမှာ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်း၊ အနောက်ဘက်ကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ပိုင်းဒေသများတွင်လည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ပုသိမ်မြို့နယ်နှင့် သာပေါင်းမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့ကြီး၍ ရေကြည်မြို့နယ်ထွက် သီဟိုဠ်မှာ အလယ်အလတ်ရှိပြီး မြောင်းမြမြို့နယ်ထွက် သီဟိုဠ်စေ့မှာ အစေ့သေးသော်လည်း အထွက်နှုန်းပို၍ကောင်းမွန်ကြောင်း၊ ၎င်းမှာ စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ရသည်အထိ (၅)နှစ်ကြာပြီး အပင်သက်တမ်း နှစ်(၆၀)ရှိသဖြင့် ရေရှည်အကျိုးအမြတ်ရရှိသည့် နှစ်ရှည်သီးနှံ အမျိုးအစားဖြစ်၍ သီဟိုဠ်ခူးဆွတ်ခြင်းကို ဖေဖော်ဝါရီလမှစတင်ခူးဆွတ်သည်။ မေလမိုးမရွာခင်အထိ ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်၍ မိုးထိလျှင် သီဟိုဠ်စေ့မှာ မူလအရောင်ပျက်ကာ မဲသွားပြီး ဈေးကွက်တွင်လည်း အရောင်းအဝယ်မဖြစ်တော့ကြောင်း သိရသည်။

သီဟိုဠ်ပေါ်ချိန်၌ ပုသိမ်မြို့တွင် အဝယ်ဒိုင် (၅)ဒိုင်၊ သာပေါင်းမြို့ပေါ်တွင် (၃)ဒိုင်ခန့်၊ မြောင်းမြမြို့ပေါ်တွင် အဝယ်ဒိုင် (၂)ဒိုင်နှင့် ရေကြည်မြို့ပေါ်တွင် အဝယ်ဒိုင် (၂)ဒိုင်ဖြင့် ဝယ်ယူလျက်ရှိပြီး ဝယ်ယူရရှိသော သီဟိုဠ်ကုန်ကြမ်းများကို ရန်ကုန်မြို့သို့ အဓိကတင်ပို့၍ ပုသိမ်မြို့နှင့်ရေကြည်မြို့တို့တွင် သီဟိုဠ်စေ့ကုန်ချောပြုလုပ်၍ ပြည်တွင်းဈေးကွက်နှင့် Export ဈေးကွက်အဖြစ် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့်မလေးရှားနိုင်ငံများသို့ ရန်ကုန်မှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ သီဟိုဠ်စေ့ကို တန်ဖိုးမြင့်စားသောက်ကုန်အဖြစ် ချောကလက်၊ ရေခဲမုန့်၊ ထိုးမုန့်၊ ကိတ်မုန့်အမျိုးမျိုး၊ မုန့်မျိုးစုံ၊ ယိုစုံ၊ ဒံပေါက်နှင့်ဟိုတယ်စာအဖြစ် မုန့်အမျိုးမျိုးတို့တွင် ပါဝင်အသုံးပြုလျက်ရှိပြီး သီဟိုဠ်စေ့တွင် Vitamine-E ပါဝင်သဖြင့် ပြည်ပနိုင်ငံများတွင် ဆံပင်၊ အသားအရေလှပသည့် မိတ်ကပ်အကူပစ္စည်း ခေါင်းလိမ်းဆီထုတ်လုပ်ရာနှင့် အိန္ဒိယနိုင်ငံတွင် သီဟိုဠ်စေ့အခွံကို သဘော်ဆေးလုပ်ငန်းတွင် ကုန်ကြမ်းအဖြစ် အသုံးပြုလျက်ရှိကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီလ ၂၇ ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်၌ သီဟိုဠ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးစိုးအောင်၊ ပုသိမ်တက္ကသိုလ်၊ ပထဝီဝင်ဌာနမှ ပါမောက္ခ ဒေါက်တာဇင်မေဦး၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေ

စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းအဆင့်အကြီးအကဲများ၊ အစိုးရစက်မှုလက်မှုအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဧရာဝတီကုန်သည်စက်မှုအသင်းအထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဦး၊ ဧရာဝတီတိုင်းဒေသတွင်းထုတ်ကုန်များ သုတေသနနှင့်ဈေးကွက်သုတေသနကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်နှင့် တိုင်းအတွင်းရှိ မြို့နယ်သီဟိုဠ်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သီဟိုဠ်စိုက်ပျိုးထုတ်လုပ်သော တောင်သူလုပ်ငန်းရှင်များ၊ စုစုပေါင်း (၃၅) ဦးတက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် တက်ရောက်လာသော တိုင်းအဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေး၍ သီဟိုဠ် စိုက်ပျိုးထုတ်လုပ်သူများ၏ တင်ပြလာသော ဈေးကွက်အခြေအနေ၊ နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်လိုအပ်ချက် ကုန်စည်စီးဆင်းမှုအခြေအနေများအပေါ်ဆွေးနွေးခဲ့ရာ ဌာနဆိုင်ရာများအနေဖြင့် ပြန်လည်ဆွေးနွေးခဲ့ရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ပျိုးသော ဧကများစွာရှိပြီး ဆက်စပ်နေရာများတွင် စိုက်ပျိုးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများရှိနေခြင်း၊ နေရာမရွေးစိုက်ပျိုးနိုင်ပြီး အထွက်နှုန်းသင့်တင့်ကောင်းမွန်၍ ပြည်တွင်း/ပြည်ပဈေးကွက် ဝယ်လိုအားရှိသည့်အတွက် ကုန်ကြမ်းအဆင့်မှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်၍ ပုဂ္ဂလိကကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုမှ ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရန်အတွက် တိုင်းသီဟိုဠ်အသင်းကို သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ကျစ်လျစ်ခိုင်မာစွာဖွဲ့စည်းနိုင်ရေး ဧရာဝတီကုန်သည်များနှင့် စက်မှုအသင်းဌာနဆိုင်ရာများသာမက နောက်ပိုင်းတွင် UMFCCI အသင်းကြီးနှင့်လည်းချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် One Village One Product ကဲ့သို့ ပို့ကုန်အမည်သစ်အဖြစ် ပြည်ပဈေးကွက် ပိုမိုဖောက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

Source: https://www.doca.gov.mm

Myantrade.gov.mm

## ပြည်ပထွက်မည့်သူများကို အသေးသုံးနိုင်ငံခြားငွေ ရောင်းချပေး

ပြည်ပထွက်ခွာမည်သူများအတွက် အသေးသုံးနိုင်ငံခြားငွေသားများဝယ်ယူနိုင်ရန် ဘဏ် (၃) ခုနှင့် ပူးပေါင်းကာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် ရောင်းချပေးနေကြောင်း ဗဟိုဘဏ်က သတင်းထုတ်ပြန်သည်။

၂၀၂၄ ခုနှစ် မတ်လ (၄) ရက်နေ့ သတင်းထုတ်ပြန်ချက်အရ KBZ bank၊ AYA bank PCL နှင့် UAB bank တို့၏ ဘဏ်ခွဲများမှတဆင့် ရောင်းချပေးသွားမည် ဖြစ်သည်။

နိုင်ငံသားများ ပြည်ပထွက်ခွာရာတွင် အသေးသုံးနိုင်ငံခြားငွေ ယူဆောင်နိုင်ရေး ဈေးကွက်အတွင်း လွယ်ကူစွာ ဝယ်ယူနိုင်ရန်နှင့် တရားမဝင်ငွေလဲနေသူများ ငွေဈေးကစားမှုကို ထိန်းသိမ်းနိုင်ရန်အတွက် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် (သို့) AD လိုင်စင်ရ ဘဏ် (၁၂) ဘဏ်များ၏ Money Changer ကောင်တာများတွင် တစ်ဦးလျှင် နိုင်ငံခြားငွေသား အမေရိကန်ဒေါ်လာ (၃၀၀) မှ (၅၀၀)ခန့် ညီမျှသော နိုင်ငံခြားငွေများကို ရောင်းချပေးနေကြောင်း ဖော်ပြထားသည်။

AD လိုင်စင်ရ ဘဏ်များ၏ Money Changer ကောင်တာများတွင် ဗဟိုဘဏ်က ခွင့်ပြုထားသည့် နိုင်ငံခြားငွေကြေးများ ဖြစ်သော အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်္ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှား ရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန် ယန်းတို့ကို ရောင်းချပေးနေသည်ဟု ဆိုသည်။

တောင်ကြီးမြို့ KBZ ဘဏ်ခွဲ(၁)တွင် ဝယ်ယူရရှိနိုင်ပြီး ရန်ကုန်တွင် (၉)မိုင်ဘဏ်ခွဲ၊ ရန်ကုန်လေဆိပ်၊ ဦးဝိစာရလမ်း ဘဏ်ခွဲ(၂)တို့တွင်လည်းကောင်း၊ မန္တလေးတွင် IBD ဘဏ်ခွဲ၊ ဘဏ်ခွဲ (၂၂) နှင့် ဘဏ်ခွဲ (၄) ၊ နေပြည်တော်တွင် ဘဏ်ခွဲ(၅)တွင် လည်းကောင်း ရောင်းချပေးနေသည်ဟု ဆိုသည်။

AYA bank PCL အနေနှင့် ရန်ကုန်လေဆိပ်၊ ပါရမီဘဏ်ခွဲ၊ ကျောက်တံတားဘဏ်ခွဲ၊ အလုံဘဏ်ခွဲနှင့် မရမ်းကုန်းဘဏ်ခွဲတွင် လည်းကောင်း၊ မန္တလေးတွင် လမ်း(၃၀)ဘဏ်ခွဲ နှင့် (၂၂)ဘဏ်ခွဲ ၊နေပြည်တော်တွင် နေပြည်တော်ဘဏ်ခွဲတွင် လည်းကောင်း ရောင်းချပေးနေသည်။

UAB bank အနေနှင့် စမ်းချောင်းဘဏ်ခွဲ၊ ရန်ကုန်လေဆိပ်၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ သိမ်ဖြူဘဏ်ခွဲတွင်လည်းကောင်း၊ မန္တလေးတွင် (၈၄) လမ်းဘဏ်ခွဲ၊ ဆိုင်းတန်းဘဏ်ခွဲ၊ ဒိုင်းမွန်းဘဏ်ခွဲတွင်လည်းကောင်း၊ နေပြည်တော်တွင် နေပြည်တော်ဘဏ်ခွဲတွင်လည်းကောင်း ရောင်းချပေးသည်ဟုဆိုသည်။

**Source: http://www.etrademyanmar.com.mm**

## မအူပင်မြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းနေ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်မြို့ဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြ၍သိရသည်။ မအူပင်မြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်ဈေးကွက်မှ ကုန်သည်များက ပြီးခဲ့သည့် ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်ပြီး ဝယ်ယူမှုအားကောင်းနေသဖြင့် တစ်ပတ်လျှင် ငါးရံ့ခြောက်ပိဿာချိန် ၅၀ မှ ၁၅၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"လက်ရှိအရင်နှစ်တွေကထက် ဒီနှစ် ငါးခြောက်အထွက်နှုန်းက ကောင်းနေပါတယ်။ ဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာလို့ တင်ပို့ရောင်းချနေရတာပါ။ ငါးခြောက်တွေကို ရန်ကုန်မြို့ဈေးကွက် ဝယ်လက်တွေက အထပ်ထပ်မှာယူထားတာတွေလဲ ရှိနေပါတယ်။ မအူပင်မြို့နယ် ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ငါးရံ့ခြောက်တွေက အချိုခြောက်တွေပါ။ ဈေးကတော့ ငါးရံ့ခြောက်အကြီး၊ အသေးပေါ်မူတည်ပါတယ်" ဟု မအူပင်မြို့နယ်ရှိ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ငါးရံ့ခြောက်များသည် အချိုခြောက်နှင့် ဆားလတ်ခြောက်ဟု နှစ်မျိုးထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးရံ့ခြောက်အလတ် တစ်ပိဿာလျှင် ငွေကျပ် ၁,၂၀,၀၀၀၊ ငါးရံ့ခြောက်အသေးတစ်ပိဿာလျှင် ငွေကျပ် ၇၉,၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

**myantrade.gov.mm**

## မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍သိရသည်။ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၃၅,၅၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ တစ်လအတွင်း ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက ပဲတီစိမ်း ၂၄ ပြည်ဝင်အိတ်ရေ ၄၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်ကို ပဲတီစိမ်းတွေ အရင်လတွေကထက် ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပဲမျိုးစုံကို ပိဿာချိန်စနစ်၊ တင်းဝင်စနစ်တွေနဲ့ တင်ပို့ရောင်းချနေပါတယ်။ ဒီဘက်ကတော့ တစ်တင်းဝင်အိတ်တွေနဲ့ပဲ တင်ပို့ရောင်းချတာများပါတယ်" ဟု မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြသည်။

မအူပင်မြို့နယ်မှ ပဲတီစိမ်းများကို ၂၄ ပြည်ဝင်အိတ်များဖြင့်ထည့်ပြီး ရန်ကုန်ဈေးကွက်သို့ ကုန်တင်ကား၊ ကုန်တင်သင်္ဘောများဖြင့် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

**myantrade.gov.mm**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 4th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,400 (Shares) | 19,207,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,200 | 1,235 | 10,235,200 | 33,109,694 | 274,811 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,850 | 2,900 | 2,850 | 2,895 | 8,386,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,800 | 7,800 | 7,700 | 10 | 77,900 | 10,400,986 | 80,088 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 12 | 18,100 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 36 | 90,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 184 | 322,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 9 | 43,200 | 10,497,598 | 50,389 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 19 | 34,200 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.35 | +0.39 | +0.11% | 356.08 | 357.90 | 355.59 | 4,400 | 19,207,100 | 8 | 674,030 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 4th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,174 (Shares) | 15,647,850 (MMK) |

| MYANPIX | 355.59 ▼ 1.37 |
|---|---|
| Total Volume (shares) | 3,174 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 670,719 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |